Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (008/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၈/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မတ် (၁၄) ရက်နေ့မှ မတ်လ (၂၀) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ပြီးနောက် ရန်ကုန်မြို့တွင်း မြို့နယ်များနှင့် စည်ပင်ဧရိယာအတွင်းရှိ အခြားမြို့နယ်များတွင် လုံခြုံရေးတိုးမြှင့်ချထားကြောင်း မြို့ခံများက ပြောသည်။ **(NEJ 150310)** **Read More...**
- စစ်ဘက်နှင့် အစိုးရအဖွဲ့ အရာရှိများလည်း ရွေးကောက်ပွဲဝင်ရန် လုပ်ဆောင်နေရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်တိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရှိရာထူးမှ မကြာမီ နုတ်ထွက်တော့မည်ဖြစ်သည်။ **(Mizzima 150310)** **Read More...**
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ဗိုလ်မှူးကြီးဟောင်း စောခင်စိုး ဘားအံမြို့နယ်တွင် ဗိုလ်မှူးကြီးဟောင်း ဦးခင်ကြူစသည့်ပုဂ္ဂိုလ်များက ရွေးကောက်ပွဲအတွက် ဒေသခံများကို လိုက်လံတွေ့ဆုံ စည်းရုံးရေးဆင်းနေသည်ဟု ဒေသခံများ ကပြောသည်။ **(Irrawaddy 160310)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) အသင်းဝင်ကဒ်ပြားများပြုလုပ်ရန် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်နေပြည်သူများကို သက်ဆိုင်ရာ ရယကတို့က လိုင်စင်ဓာတ်ပုံများ အတင်းအဓမ္မလိုက်လံရိုက်ယူနေကြောင်း မြို့ခံများကပြောသည်။ **(NEJ 160310)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲတွင် စက်မှု (၁) စက်မှုဝန်ကြီး ဦးအောင်သောင်းအပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီး အများအပြား ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လက်ရှိရာထူးမှ နုတ်ထွက်ကြမည်ဟု တပ်မတော်အသိုင်းအဝိုင်းနှင့် နီးစပ်သူများက ပြောသည်။ **(Irrawaddy 170310)** **Read More...**
- မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အဖွဲ့ဝင်များက ၂၀၁၀ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်နေသည်ဟု မြို့နယ်ဒေသခံများကပြောသည်။ **(Kaowao 160310)** **Read More...**
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအရ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီစခုသည် ကျပ်ငွေ ၃ သိန်း ကော်မရှင်သို့ ပေးသွင်းရမည်ဖြစ်ကာ ကိုယ်စားလှယ်လောင်းတစ်ဦးသည် ကျပ်ငွေ သိန်း ၁၀၀ အထိ သုံးစွဲခွင့်ရှိသည်ဟု ရေးသားဖော်ပြထားသည်။ **(Mizzima 170310)** **Read More...**
- ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဌ ဦးသိန်းစိုးက လက်မှတ်ရေးထိုး ထုတ်ပြန်သော ယခုလ ၁၇ ရက်နေ့စွဲတပ် "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ" တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်း



Created with nitroPDF professional
download the free trial online at nitropdf.com/professional

တင်သွင်းလွှာနှင့်တူ နိုင်ငံပိုင် မြန်မာ့စီးပွားရေး ဘဏ်တွင် ကျပ် ၅ သိန်းပေးသွင်းထားသည့် ပြေစာကိုလည်း နေပြည်တော်ကော်မရှင် အဖွဲ့ခွဲနှင့်အတူ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူသို့ ပေးသွင်းရမည်ဟု သတ်မှတ်ထားသည်။ **(Mizzima 180310)** **Read More...**

- နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ကို မတ်လ (၁၈) ရက်မှ စပြီးခွင့်ပြုပြီဖြစ်ကြောင်းနှင့် ပါတီမှတ်ပုံတင်ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို စောင့်ရှောက်ကာကွယ်ပါမည်ဟု ပါတီခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က ခံဝန်ကတိ လက်မှတ်ရေးထိုး လျှောက်ထားရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကသတင်းထုတ်ပြန်လိုက်သည်။ **(NEJ 190310)** **Read More...**
- ယနေ့ မတ်လ (၁၉) ရက် နေ့လယ် (၁) နာရီကျော်တွင် ရန်ကုန်မြို့လယ်ရှိ မြို့တော်ခန်းမရှေ့၌ ဝတ်စုံပြည့်ဝတ်ဆင်ထားသော ရဲနှင့် ရဲကားအစီး (၂၀) ကျော်ခန့် အင်အားပြခဲ့သည့်အပေါ် ရန်ကုန်စည်ပင်အရာထမ်းတစ်ဦးက “ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ပြီးနောက်ပိုင်းတွင် ဆူပူမှုများ မဖြစ်အောင် အင်အားပြလာခြင်း ဖြစ်မည်” ဟု ပြောသည်။ **(NEJ 190310)** **Read More...**
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း သက်ဆိုင်ရာရပ်ကွက်အသီးသီးမှ စွမ်းအားရှင်၊ ကြံ့ဖွံ့နှင့် လူငယ်များကို အဓိကထား၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) မှ စစ်သားများက အခြေခံတိုက်ပွဲဝင်သင်တန်းဟု အမည်တပ်ကာ ရက်တိုသင်တန်းအဖြစ် တက်သုတ်ရိုက်ပေးနေသည်။ **(NEJ 190310)** **Read More...**
- ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ဘုန်းဆွေက ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင် ရိုဟင်ဂျာများနှင့် အတူလိုက်ပါလာကာ ယခုတပတ်အတွင်း ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ ရိုဟင်ဂျာအများစု နေထိုင်သည့်ဒေသများတွင် ကြံ့ဖွံ့အပါအဝင် မြို့နယ်အာဏာပိုင်များနှင့် ရိုဟင်ဂျာများကို ရွေးကောက်ပွဲအတွက် လိုက်လံစည်းရုံးနေသည်ဟု ဒေသခံများကပြောသည်။ **(Irrawaddy 190310)** **Read More...**

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါတီမှတ်ပုံတင်ရန် လိုအပ်သော ဗဟိုကော်မတီဝင် ၁၅ ဦးနှင့် ပါတီဝင်အင်အား ၅၀၀ ကျော် အရန်သင့်ရှိနေပြီဖြစ်ကာ ပါတီကိုမကြာမီ မှတ်ပုံတင်၍ ရွေးကောက်ပွဲဝင်ရောက်ယှဥ်ပြိုင်မည်ဟု ကချင်ပြည်နယ် တိုးတက်ရေးပါတီ **(KSPP)** က ဆိုသည်။ **(Mizzima 150310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့နှင့် ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ အမျိုးသမီးတွေ့ဆုံပွဲ တစ်ရပ်ကို ယနေ့ အဖွဲ့ချုပ်ရုံးချုပ်တွင်ပြုလုပ်ရာ ပါတီမှတ်ပုံတင်ရေး မတင်ရေးကိစ္စအပါအဝင် ပုံမှန်လုပ်ငန်းကိစ္စနှင့် ရှေ့လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟု ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့တာဝန်ခံ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်က ပြောသည်။ **(DVB 160310)** **Read More...**
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများထွက်လာချိန်တွင် ရခိုင်ပြည်နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်များက ရွှေဂုံတိုင်ကြေညာစာတမ်းကို ဆက်လက်ဆုပ်ကိုင်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုလိုက်သည်။ **(Mizzima 170310)** **Read More...**
- မြန်မာနိုင်ငံတွင် ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲအတွက် စစ်အစိုးရ၏ ဥပဒေထုတ်ပြန်ကန့်သတ်မှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝန်းဘက်က ထောက်ပြဝေဖန်နေခြင်းအဆင့်နှင့် ရပ်တန့်မနေဘဲ လေးလေးနက်နက် အရေးယူဆောင်ရွက်လာရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မျှော်လင့်နေကြောင်း ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(VOA 160310)** **Read More...**



Created with nitroPDF professional
download the free trial online at nitropdf.com/professional

- နအဖစစ်အစိုးရမှ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် တရားမျှတမှုမရှိခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ရာရောက်သဖြင့် ကမ္ဘာ့ကုလသမဂ္ဂမှ ပိုမိုဖိအားပေးရန် ပြည်တွင်းအခြေစိုက် ညီညွတ်သောတိုင်းရင်းသား လူမျိုးများ မဟာမိတ်အဖွဲ့ **UNA** က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် **Mr. Ban Ki-moon** ထံ စာရေး တောင်းဆိုလိုက်သည်။ **(VOA 170310)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ရွေးကောက်ပွဲတွင် ပြန်လည်မှတ်ပုံတင်သင့် မတင်သင့်အပေါ် ခေါင်းဆောင် ပိုင်းအချို့ အမြင်မတူသဖြင့် ပါတီနှစ်ခြားကွဲမည်ကို စိုးရိမ်ပူပန်မှုများ ထွက်ပေါ်နေသည်ဟု ပါတီသတင်းရပ်ကွက် မှ ဆိုသည်။ **(Mizzima 190310)** [Read More...]
- ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေး၊ မဝင်ရေး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီ အစည်းအဝေးအမီ တိုင်းနှင့်ပြည်နယ်အသီးသီးက အဖွဲ့ချုပ်ပါတီဝင်များ၏ သဘောထားကို ဗဟိုက တောင်းခံထား ကြောင်း ပါတီအဖွဲ့ဝင်များက ပြောသည်။ **(DVB 190310)** [Read More...]

## (ခ) တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ

- လူထုခေါင်းဆောင်နှင့် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်ခွင့်မရှိဘဲ နအဖပြုလုပ်သော ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်ကို ဆက်လက်ချုပ်ကိုင်နိုင်ရန်အတွက် ဖြစ်သောကြောင့် နိုင်ငံတကာနှင့်ပြည်သူတစ်ရပ်လုံးက ဆန့်ကျင်တိုက်ဖျက်ကြရန် ကရင်အမျိုးသားအစည်းအရုံး **(KNU)** က ယမန်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်တိုက်တွန်းလိုက်သည်။ **(NEJ 170310)** [Read More...]
- ယခုလ ၁၃ ရက်နေ့က သျှမ်းပြည် (တောင်ပိုင်း) နမ့်ဇန်မြို့နယ် ဟိုက်ဖတ်တိုက်နယ် ဝမ့်ကျောင်းလွိုင်ခန်းရွာအနီး သျှမ်းပြည်တပ်မတော်တပ်ဖွဲ့၏ ချုံခိုတိုက်ခိုက်ပွဲအတွင်း နအဖစစ်တပ်မှ ဗိုလ်ကြီးတင်အောင်မိုးအပါအဝင် စစ်သည် ၂၀ ဦးသေဆုံး၍ ၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သျှမ်းပြည်တပ်မတော် ဝက်ဘ်ဆိုက် **Taifreedom.com** တွင် ဖော်ပြထား သည်။ **(S.H.A.N 170310)** [Read More...]
- မြန်မာစစ်အစိုးရက ယခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် စစ်အစိုးရအကြား အထူးတင်းမာမှုများရှိနေကာ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ကြီးဖြစ်ပွားမည့် အလား အလာများရှိနေကြောင်း လေ့လာသူများနှင့် တိုင်းရင်းသားခေါင်းဆောင်များက ပြောသည်။ **(RFA 200310)** [Read More...]

## (ဂ) ပြည်ပအင်အားစုများ

- ထိုင်း–မြန်မာနယ်စပ် တစ်နေရာတွင် ယနေ့နံနက်ပိုင်းက ရွေးကောက်ပွဲဥပဒေသုံးသပ်ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ၂၀၀၈ ဖွဲ့စည်းပုံနှင့် ၂၀၁၀ ရွေးကောက်ပွဲကို တိုက်ဖျက်ရန်အတွက် နည်းလမ်းပေါင်းစုံသုံး၍ ဆန့်ကျင်သွားမည်ဖြစ် ကြောင်းနှင့် ကြားဖြတ် အစိုးရဖွဲ့ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖွဲ့ **MPU** က ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ **CRPP** ကို တိုက်တွန်း တောင်းဆိုလိုက်သည်။ **(RFA 140310)** [Read More...]
- စစ်အာဏာရှင်များ အောင်မြင်ရေးအတွက် အကွက်ချစီမံထားသည့် ရွေးကောက်ပွဲဥပဒေကြောင့် အများယုံကြည် လက်ခံမည့် ရွေးကောက်ပွဲမဖြစ်နိုင်ကြောင်း ဖိလစ်ပိုင်နိုင်ငံအခြေစိုက် **Free Burma Coalition - FBC** က ယနေ့ ပြောဆိုလိုက်သည်။ **(Mizzima 140310)** [Read More...]
- မြန်မာစစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ရန် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု အဖြစ်စတင်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ် ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များကလပ်တွင် ပြည်ပ ရောက်မြန်မာအတိုက်အခံအင်အားစုများက ကျင်းပခဲ့သည်။ **(NEJ 190310)** [Read More...]



Created with nitro PDF professional
download the free trial online at nitropdf.com/professional

- ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် **Global Campaign** ကမ္ဘာ့တဝှမ်းလှုပ်ရှားမှုတစ်ရပ်ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မြန်မာ့ဒီမိုကရေစီအင်အားစုများက ယနေ့သွားရောက်ဆန္ဒပြခဲ့ကာ ဆန္ဒပြသူများမှ နအဖသံရုံးရှေ့ မျက်နှာစာတံခါးကို ဖျက်ဆီးလိုက်သဖြင့် အိန္ဒိယရဲများက လာရောက်ဖမ်းဆီးခဲ့သည်။ **(VOA 190310)** **Read More...**
- အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ မြန်မာသံရုံးရှေ့တွင် ၂၀၀၈ ဖွဲ့စည်းပုံကိုပြန်လည်ပြင်ဆင်ရန်နှင့် ၂၀၁၀ ရွေးကောက်ပွဲကို ဆန္ဒပြခဲ့သည့်အထဲတွင် အိန္ဒိယရဲက ဖမ်းဆီးထိန်းသိမ်းခဲ့သည့်မြန်မာ ၂၆ ဦးကို တရားရုံးဝန်ခံချက်ဖြင့် ယနေ့ပြန်လည်လွှတ်မြောက်လာခဲ့သည်။ **(Mizzima 200310)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- နအဖ နှင့် ဝ တပ်ဖွဲ့တိုက်ပွဲဆင်နွှဲရန် တရက်ထက်တရက်ရာခိုင်နှုန်းပိုများလာသည်ကို တရုတ်ကအကဲခတ်မိသောကြောင့် ဖေဖော်ဝါရီလ ၆–၇ ရက်နေ့မှစ၍ တရုတ်–မြန်မာနယ်စပ်တွင် တရုတ်လုံခြုံရေးတပ်အင်အားများ ပိုမိုဖြည့်တင်းလာကြောင်း တရုတ်–မြန်မာနယ်စပ် လင်ချန်းမြို့နယ်အတွင်း မြင်တွေ့ရသည့် ဒေသခံများက ပြောသည်။ **(S.H.A.N 150310)** **Read More...**
- နအဖနှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** အကြား အသွင်ကူးပြောင်းရေးကိစ္စများ အကြိမ်ကြိမ် ဆွေးနွေးခဲ့သော်လည်း အဆင်မပြေမှုများဖြစ်ပေါ်နေသဖြင့် နှစ်ဖက်စစ်ရေးပြင်ဆင်မှုများရှိလာခဲ့ရာ ယခုလ အစောပိုင်းမှစ၍ ရုရှားနိုင်ငံလုပ် **MIG** (၂၉) တိုက်လေယာဉ်များ အဆင်းအတက်များလာကာ ယခုလ ၁၃ ရက်နေ့က ရှမ်းပြည်အရှေ့ပိုင်းကျိုင်းတုံမြို့လေဆိပ်တွင် ညအိပ်ရပ်နားခဲ့သည်အထိ ဖြစ်လာခဲ့သည်။ **(NEJ 170310)** **Read More...**
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ရတခ) တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် မွန်ပြည်သစ်ပါတီ ဒု–ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ယခုလ ၁၆ ရက်နေ့က အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် တွေ့ဆုံခဲ့ရာ နအဖဘက်က "မွန်ပြည်သစ်ပါတီက နောက်ဆုံး အဆုံးအဖြတ်ပေးဖို့တောင်းဆိုတယ်၊ နယ်ခြားစောင့်တပ်ကိစ္စရယ်၊ ပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်မယ့်ကိစ္စရယ်၊ နောက်ဆုံးသဘောထားတောင်းထားတယ်လို့ ကျနော်တို့သိရတယ်" ဟု မွန်ပြည်သစ်ပါတီခရိုင်ကော်မတီတစ်ဦးကပြောသည်။ **(NEJ 180310)** **Read More...**
- နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် နအဖနှင့် ငြိမ်းချမ်းရေးယူထားသည့် ကရင်အဖွဲ့အစည်းများ ရွေးကောက်ပွဲဝင်ခွင့်မရှိဟု တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** ၏ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။ **(NEJ 180310)** **Read More...**
- ယခုလ ၁၂ ရက်နေ့က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) တွင် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် **KIO** အရာရှိများ တွေ့ဆုံစဉ် **KIO** ၏ ရပ်တည်ချက် ဖော်ပြထားသည့်စာတစ်စောင်အား နေပြည်တော်သို့တင်ပြထားခဲ့ရာ နအဖဖက်က အကြောင်းမပြန်မချင်း နအဖနှင့် တွေ့ဆုံမှုများ ကမ်းလှမ်းခြင်းမပြုရန် ဗဟိုကော်မတီ ၂၀ ဦးခန့်တက်ရောက်သည့် ယခုလ ၁၇ ရက်နေ့ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်။ **(Mizzima 190310)** **Read More...**
- ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့တွင် နအဖနှင့်ဝတပ်ဖွဲ့တာဝန်ရှိသူများ တွေ့ဆုံမှုနောက်ပိုင်း စစ်ရေးတင်းမာမှုပြေလျော့စေရန် နအဖမှ ပန်ဆန်းဌာနချုပ်က ဝနယ်မြေအချို့တွင် တပ်ပြန်ရုပ်ပေးရန် တောင်းဆိုသည့်အပေါ် တောင်ပိုင်းဝတပ်မှူးများက လက်မခံနိုင်ကြောင်း ပြောကြားလိုက်သည်။ **(S.H.A.N 180310)** **Read More...**
- နအဖ၏ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ကြီးရဲမြင့်က ရွေးကောက်ပွဲဆိုင်ရာ ပါတီမှတ်ပုံတင်ခြင်းဥပဒေကို ကိုးကား၍ ဝပြည်သွေးစည်းညီညွတ်တပ်မတော် အရာရှိများကို ပါတီမှတ်ပုံတင်ရန် တိုက်တွန်းပြောကြားသည့်အပေါ် ဝဘက်က ငြင်းပယ်လိုက်သည်။ **(RFA 200310)** **Read More...**



Created with nitroPDF professional
download the free trial online at nitropdf.com/professional

## ပြည်သူ့စစ်အသွင်ပြောင်းအဖွဲ့များ

- ပြည်သူ့စစ်တပ်ရင်းအဖြစ် မကြာမီက နအဖဖွဲ့စည်းပေးလိုက်သည့် မိုင်းတုံမြို့နယ် အခြေစိုက်လားဟူပြည်သူ့စစ်တပ်ဖွဲ့ဝင်များ နေ့စဉ်နေ့အမျှ မိသားစုနှင့်တကွ ထွက်ပြေးနေကြသည်ဟု အမည်မဖော်လိုသည့် ထွက်ပြေးသူတစ်ဦးကပြောသည်။ **(S.H.A.N 180310)** Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- အတိုက်အခံခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား ပိတ်ပင်ထားသည့် မြန်မာနိုင်ငံက ရွေးကောက်ပွဲအပေါ် စိုးရိမ်သည့်ကိစ္စကို နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယခုလ ၁၇ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပမည့် ဘက်မလိုက်နိုင်ငံများအစည်းအဝေး၌ ဆွေးနွေးသွားမည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အလ်ဘာတိုရိုမူကိုက ပြောဆိုလိုက်သည်။ **(DVB 150310)** Read More...
- စစ်အစိုးရထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် လွတ်လပ်၍တရားမျှတမှု မရှိသောကြောင့် အာဆီယံအဖွဲ့ဝင်များအနေဖြင့် နအဖရွေးကောက်ပွဲဥပဒေကို လက်မခံကြရန် အာဆီယံလွှတ်တော်အမတ်များအဖွဲ့ **AIPMC** က ကြေညာချက်တစ်စောင် ထုတ်ပြန်တိုက်တွန်းလိုက်သည်။ **(Mizzima 160310)** Read More...
- နိုင်ငံရေးအကျဉ်းသားများကို ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပိတ်ပင်ထားခြင်းကြောင့် မြန်မာနိုင်ငံရွေးကောက်ပွဲကို ယုံကြည်စရာမရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် **Mr. Tomas Ojea Quintana** က ယမန်နေ့က ဂျီနီဗာမြို့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ညီလာခံ၌ ပြောကြားလိုက်သည်။ **(RFA 160310)** Read More...
- မြန်မာ့အရေးလှုပ်ရှားနေသည့် အိန္ဒိယပါလီမန် အထက်လွှတ်တော်အမတ်များအဖွဲ့က မြန်မာစစ်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို ပြစ်တင်ရှုတ်ချလိုက်ကာ ထိုဥပဒေကြောင့် မြန်မာနိုင်ငံအတွင်း မငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပွားလိမ့်မည်ဟု ယနေ့ပြောကြားလိုက်သည်။ **(Irrawaddy 170310)** Read More...
- မြန်မာစစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် တင်းကျပ်ခြင်းနှင့် တရားမျှတမှုကင်းမဲ့သောကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူဆွေးနွေးရန် ဗြိတိန်ဝန်ကြီးချုပ် **Mr. Gordon Brown** က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် **Mr. Ban Ki-Moon** ထံ စာရေးတောင်း ဆိုလိုက်သည်။ **(VOA 160310)** Read More...
- နအဖစစ်အစိုးရက ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် တင်းကျပ်မှုများလွန်းသဖြင့် လွတ်လပ်၍ တရားမျှတခြင်းနှင့် အားလုံးပါဝင်ခွင့်ရမည့် ရွေးကောက်ပွဲ ဖြစ်မလာမည်ကို စိုးရိမ်မိကြောင်း ဩစတြေးလျအစိုးရ ပြောဆိုလိုက်သည်။ **(DVB 170310)** Read More...
- နအဖစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ ပါဝင်ခွင့်မရှိသည့် ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း အမေရိကန်အစိုးရအဖွဲ့အတွင်း မြန်မာစစ်ခေါင်းဆောင်များနှင့် အပေါင်းအပါလုပ်ငန်းရှင်များကို ဘဏ္ဍာရေးအရ တိုးမြှင့်ပြစ်ဒဏ်ခတ်မှုများချမှတ်ရန် ဆွေးနွေးနေကြပြီဟု အမေရိကန်အစိုးရနှင့် နီးစပ်သူများကပြောသည်။ **(RFA 190310)** Read More...
- ဗြိတိသျှဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၏ မြန်မာနိုင်ငံအပေါ် အရေးယူရေးကိစ္စတောင်းဆိုချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မြန်မာ့မိတ်ဆွေနိုင်ငံများ အစည်းအဝေးပွဲတစ်ရပ်ကို ရှေ့သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံနယူးယောက်မြို့တွင် ခေါ်ယူကျင်းပသွားမည်ဖြစ်သည်။ **(VOA 190310)** Read More...



Created with nitroPDF professional
download the free trial online at nitropdf.com/professional

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုမြောက်နိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စစ်ဆေးနိုင်ရန် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့ကို အချိန်မဆွဲဘဲ ဖွဲ့စည်းသွားသင့်ကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ **HRW** က ကုလသမဂ္ဂလူ့အခွင့်အရေးအကောင်စီ အစည်းအဝေး၌ ယမန်နေ့က ပြောကြားလိုက်သည်။ **(NEJ 170310)** Read More...

## အခြားအင်အားစုများ

- စစ်အစိုးရက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ ၅ ခုကို ယခင်အပတ်က ထုတ်ပြန်ပြီးနောက် ယခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) **DPM** ဥက္ကဌ ဦးသုဝေက ပြောသည်။ **(Mizzima 150310)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဥပဒေသည် ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ရမည် ဟုဆိုသော်လည်း ပါတီမှတ်ပုံတင်ခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များ ထုတ်ပြန်မှုမရှိသေးသဖြင့် ရွေး ကောက်ပွဲဝင်ရန် ပြင်နေသည့် ဦးသုဝေဦးဆောင်သော ဒီမိုကရက်တစ်ပါတီက အစိုးရဘက်မှ တရားဝင်နောက်ထပ် ထုတ်ပြန်မည့်သတင်းကို စောင့်ဆိုင်းနေသည်။ **(VOA 160310)** Read More...
- ထင်းရှားသည့် ကရင်တိုင်းရင်းသားများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပါတီထူထောင်ရေးကိစ္စ များနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်နေကြကြောင်းနှင့် တခြားသော ကရင်တိုင်းရင်းသားများကလည်း တသီး ပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန်ပြင်ဆင်နေကြောင်း ကရင်သတင်းရပ်ကွက်မှ ဆိုသည်။ **(Irrawaddy 180310)** Read More...
- ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အစိုးရက ကြေညာလိုက် ပြီဖြစ်သော်လည်း ရွေးကောက်ပွဲကော်မရှင်၏ ဥပဒေနှင့်ပတ်သက်၍ အကန့်အသတ်နှင့် မရှင်းလင်းမှုများကြောင့် ရွေးကောက်ပွဲဝင်ရန်စိုင်းပြင်း နေသည့်အဖွဲ့များ ပါတီမှတ်ပုံတင်ရန် အခက်ကြုံနေရသည်။ **(VOA 190310)** Read More...
- စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲဝင်ရေး မွန်အမျိုးသားပါတီသစ်တစ်ရပ် တရားဝင်ထူထောင်ဖွဲ့စည်းသွားရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်းနှင့် ပါတီမှတ်ပုံတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပါဝင်လှုပ်ရှားနေသူ ပုဂ္ဂိုလ်တစ်ဦး ကပြောသည်။ **(Kaowao 190310)** Read More...
- နအဖ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)က မကြာခင်ရက်ပိုင်းအတွင်း ပါတီမှတ်ပုံတင်ရန် ပြင်ဆင်နေသည်။ **(DVB 190310)** Read More...
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်၍ ပါတီများအနေဖြင့် မှတ်ပုံတင်နိုင်ပြီဖြစ်သော်လည်း ရေရှည်ရပ်တည်ရေးအတွက် ရန်ပုံငွေအခက်အခဲကို ရင်ဆိုင်နေရ သည်ဟု ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ဦးသုဝေက ပြောသည်။ **(Irrawaddy 200310)** Read More...

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်စက်မှုဇုန် ၂ ရှိ အိုကေကြာဆံစက်ရုံမှ အလုပ်သမား ၁၀၀ ကျော်သည် လုပ်အားခ တိုးမြှင့်ရရှိရေးအတွက် ယမန်နေ့ နေ့လယ်ပိုင်းတွင် ရွှေပြည်သာမြို့နယ် အလုပ်သမားဦးစီးဌာနရုံးသို့ သွားရောက် ဆန္ဒပြခဲ့ကြသည်ဟု အလုပ်မသားများနှင့် နီးစပ်သူများက ပြောသည်။ **(Irrawaddy 160310)** Read More...
- နအဖက ရွေးကောက်ပွဲ ဥပဒေ ထုတ်ပြန်ထားကာ ယခုနှစ်အတွင်း ပြုလုပ်မည့်ရွေးကောက်ပွဲဟာ စစ်အစိုးရ၏ အာဏာတည်မြဲရေး လုပ်ရိုးလုပ်စဉ် လုပ်ငန်းတစ်ခုအဖြစ်သာ အောက်ခြေသာမန်ပြည်သူအများစုက ရှုမြင်ကြကာ မည်သည့်အပြောင်းအလဲမှ ဖြစ်လာလိမ့်မည်မဟုတ်ဟု ထင်မြင်ယူဆနေကြသည်။ **(NEJ 180310)** Read More...



Created with nitro PDF professional
download the free trial online at nitropdf.com/professional

- ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲအကြောင်း ဝေဖန်ရှုတ်ချထားသည့် လက်ကမ်းစာစောင်များ ရန်ကုန်မြို့ လူစည်ကားရာ နေရာများတွင် လွှန်ခဲ့သည့်ရက်ပိုင်းအတွင်းက တိတ်တဆိတ်ဖြန့်ဝေမှုများ ရှိခဲ့ကြောင်း မြို့ခံများက ပြောသည်။ **(Mizzima 180310)** Read More...

မီဒီယာများ

- နအဖစစ်အစိုးရက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (၅) ခုထုတ်ပြန်ပြီးသော်လည်း သတင်းရေးသားခွင့်ကို ဆက်လက်ပိတ်ပင်ထားမြဲနေသဖြင့် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ မည်သို့မျှမဖြစ်နိုင်ကြောင်း ပြည်တွင်းသတင်းစာဆရာများက ပြောသည်။ **(NEJ 160310)** Read More...
- မြန်မာစစ်အစိုးရက ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်ပြီးနောက် ကျင်းပမည့်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဒေသတွင်းအစိုးရများနှင့် အခြားအစိုးရများက အဆိုးအကောင်း ချိန်ဆနေကြစဉ် အိန္ဒိယမီဒီယာများကလည်း နအဖရွေးကောက်ပွဲအကြောင်း အမြင်အမျိုးမျိုး ဖော်ပြနေကြသည်။ **(Mizzima 180310)** Read More...

---

***End of report/ Saturday, March 20, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---



Created with nitroPDF professional
download the free trial online at nitropdf.com/professional